ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)
နေပြည်တော်

စာအမှတ်၊ ကဥပ- ၃၃၉(က)၂၀၁၇/၁၈၉၅
ရက် စွဲ ၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင် လ ၂၀ ရက်

"ညွှန်ကြားချက် - ၁၈ / ၁၇"

အကြောင်းအရာ။ School Bus ယာဉ်အမျိုးအစား သတ်မှတ်ခြင်း

ရည် ညွှန်း ချက်။ ၁၂.၇.၂၀၁၇ ရက်စွဲပါစာအမှတ်၊ ကြီးကြပ်ရုံး/ အထွေထွေ/ ၂၀၁၇ (၁၁၅၄) မော်တော်ယာဉ် တင်သွင်းခြင်းနှင့်သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေး ကော်မတီ၏ (၃/၂၀၁၇) အစည်းအဝေးဆုံးဖြတ်ချက်

၁။ မြန်မာနိုင်ငံရှိ ကျောင်းသား/ သူများ ယာဉ်အန္တရာယ်လုံခြုံစိတ်ချစေရေး၊ ယာဉ်ကြောပိတ်ဆို့နေမှုများကို လျှော့ချနိုင်ရေး၊ ကျောင်းကြို/ ပို့ School Bus ယာဉ်များ စနစ်တကျ စည်းကမ်းတကျ ဖြစ်စေရေး ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

၂။ School Bus ယာဉ်များအဖြစ် လုပ်ငန်းဆောင်ရွက်ကြမည့်ယာဉ်များအား အောက်ပါအတိုင်းသတ်မှတ်ပါသည်-

(က) ခရီးသည်(၁၀)ဦးနှင့်အထက် တင်ဆောင်နိုင်သော Micro Bus , Mini Bus , Bus ယာဉ်များဖြစ်ရမည်။
(ခ) ထိုင်ခုံတိုင်းတွင် အသက်ကယ်ထိုင်ခုံခါးပတ် (Seat Belts) ပါရှိရမည်။
(ဂ) ဘယ်မောင်းယာဉ် (Left Hand Drive) နှင့် ယာဉ်၏ ညာဘက် (Right Hand Side)တွင် အတက်အဆင်းတံခါးပေါက် ပါရှိရန်ဖြစ်ပြီး လုံခြုံစိတ်ချရသော သော့စနစ် တပ်ဆင်ထားရမည်။
(ဃ) ရှေးဦးသူနာပြုသေတ္တာ (First Aid Box) ပါရှိရမည်။
(င) ယာဉ်၏အတွင်းတွင် ခါတုဗေဒဆေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဗူး အနည်းဆုံး (၂)ဗူး ပါရှိရမည်။
(စ) ယာဉ်၏ဆေးရောင်အား အဝါရောင်သတ်မှတ်၍ ယာဉ်၏အရှေ့နှင့်အနောက်တွင် School Bus စာလုံးကို ထင်ရှားစွာရေးသားထားရမည်။
(ဆ) ကျောင်းအမည်နှင့် ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ်များကို ယာဉ်၏ ဘေးဘက်တွင် ရေးသားထားရမည်။
(ဇ) ယာဉ်မောင်းသူသည် အနိမ့်ဆုံး "ဃ" ယာဉ်မောင်းလိုင်စင်ရရှိပြီးသူဖြစ်ရမည်။
(ဈ) အမြန်နှုန်း 40 km/ hr (25 mile/ hr) ထက်ပို၍ မောင်းနှင်ခြင်းမပြုရန် ကန့်သတ်ထားရပါမည်။
(ည) အငှားယာဉ်(ကျောင်းကြို/ ပို့ လုပ်ငန်းသုံးယာဉ်) အဖြစ် ဆောင်ရွက်ရမည်။

(ဋ) ကျောင်းသားများ၏ အသက်သည် (၁၂)နှစ်နှင့် အထက်ဖြစ်ပါက လူကြီးထိုင်ခုံ သတ်မှတ်ပေးရမည်။

(ဌ) ကျောင်းသားများ၏ အသက်သည် (၁၂)အောက်ဖြစ်ပါက တပ်ဆင်ပါရှိသော ထိုင်ခုံအရေအတွက်သည် မူလလူကြီးထိုင်ခုံအရေအတွက်၏ တစ်ဆခွဲထက်မပိုရသည့်အပြင် ထိုင်ခုံဒါးပတ်အပြည့်အစုံ ပါရှိရမည်။

၃။ School Bus ယာဉ်အဖြစ်အသုံးပြုရန် ပြည်ပမှ တင်သွင်းမည့်ယာဉ်များအား ကနဦးမှတ်ပုံတင်ရာတွင် အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် အသုံးပြုရန် ခွင့်ပြုထားသော City Bus ယာဉ်များနည်းတူ ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ ကင်းလွတ်ခွင့်ဖြင့် ဆောင်ရွက်ပေးရန် ဖြစ်ပါသည်။

၄။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ ထောက်ခံချက်ဖြင့် School Bus ယာဉ်များ တင်သွင်းခြင်းတွင် အဆိုပါ တိုင်းဒေသကြီးနှင့် ပြည်နယ်လိပ်စာဖြင့် မှတ်ပုံတင်ဆောင်ရွက်ပေးရန် ဖြစ်ပါသည်။

၅။ ပြည်တွင်းသို့ ရောက်ရှိပြီးဖြစ်သည့် Micro Bus, Mini Bus, Bus ယာဉ်များသည်လည်း School Bus ယာဉ်အဖြစ် ဆောင်ရွက်လိုပါက အထက်အပိုဒ်-၂ပါ သတ်မှတ်ချက်များနှင့် ပြည့်စုံကိုက်ညီလျှင် ခွင့်ပြုပေးရန် ဖြစ်ပါသည်။

၆။ School Bus ယာဉ်အဖြစ် မှတ်ပုံတင်မည့်ယာဉ်များ၏ သတ်မှတ်ချက်များအား အများပြည်သူ သိရှိနိုင်ရေး ကြော်ငြာသွားပါရန်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့လည်း သတ်မှတ်ချက်များ အသိပေးပါရန် ညွှန်ကြားပါသည်။

၇။ ဤညွှန်ကြားချက်ကို လက်ခံရရှိကြောင်းနှင့် နားလည်သဘောပေါက်ကြောင်း ပြန်ကြားရန် ဖြစ်ပါသည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
(မိုးမြင့်၊ ညွှန်ကြားရေးမှူး)

၁။ ကနဦးမော်တော်ယာဉ်မှတ်ပုံတင်ဌာန (နေပြည်တော်/ထောက်ကြန့်/ရွာသာကြီး/ မန္တလေး)။

၂။ ———————— ဦးစီးမှူး၊
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊
——————— ရုံး(———————)၊ ——————— မြို့။

၃။ ———————— ဦးစီးမှူး၊
လုပ်ငန်းလိုင်စင်နှင့် သယ်ယူပို့ဆောင်ရေးကြီးကြပ်ညှိနှိုင်းမှုဌာန၊
——————— ရုံး(———————)၊ ——————— မြို့။